မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.___ Volume 12/Issue 1/ January / 2019*




## မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနှစ်သစ် ၂၀၁၉ ဖြစ်ပါစေ။

## Have a Blessed New Year 2019

### ≺ ၂၀၁၉ နှစ်သစ်တွင်၊စိတ်နှစ်လုံးသင်းသွင်းရန်အမှာစကား ≻

- ထာဝရဘုရားသည်ကောင်းမြတ်တော်မူ၍၊ကရုဏာတော်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့။– ထာဝရဘုရားသခင်၏ဂုဏ်တော်ချီးမွမ်းသည့်အခါခါတိုင်း၊ကျွန်ုပ်တို့၏အသက်တာထဲသို့ ကြီးမားသောစွမ်းအားတစ်ခုစီးဝင်လာသည်ကိုသိရှိနိုင်ပါသည်။

- အကျွန်ုပ်တို့သည်ထာဝရဘုရား၏နာမတော်ကိုချီးမြှောက်၍၊ရိုသေလေးမြတ်ခြင်းရှိကြလော့။–ထာဝရဘုရား၏သန့်ရှင်းသောနာမတော်၌ဝါကြွားဝမ်းမြောက်ကြလော့။– ထိုသို့သောသူအပေါင်းတို့သည်မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါ၏။

- ထာဝရဘုရားထံ၊သခင်ယေရှု၏မြတ်နာမကိုအမှီပြု၍၊ပဌနာပြုကြလော့။– ထာဝရဘုရားသည်အကျွန်ုပ်တို့၏ပဌနာစကားကိုနားထောင်၍၊ထူးတော်မူတတ်ပါ၏။ အသနားတော်ခံသောစကားသံကိုမှတ်တော်မူ၍၊ဘေးရောက်သည်ကာလ၌ကူမတော်မူ၏။

- ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့နှင့်ရှာကြလော့။– အကျွန်ုပ်တို့ရှာလျှင်ထာဝရဘုရားသည်အတွေ့ခံတော်မူမည်။ ထာဝရကိုရှာသောသူအပေါင်းတို့သည်စိတ်နှလုံးရွှင်လန်းကြစေ။

## January 2019

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | 1 New Year's Day | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 Martin Luther King Day | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## 2019, January Special Events

**01/06/2009 at 2:00PM – New Year Holy Communion worship service and followed by Karen New Year Celebration. Potluck Dinner will serve after the Service.**

**01/13/2009 at 2:00PM – Regular Service After the Service, Karen New Year Celebration**

**01/20/2009 at 2:00PM – Regular Service**

**01/27/2009 at 2:00PM – B.C.F 31st Anniversary and Consecration Worship Service.**

*Note: - *2009, B.C.F official Board Members, please attend without fail.**

***B.C.F Worship time***
***Sunday Service … 2:00PM***
***Children Sunday School … 2:15 PM***
***BCF Youth … 2:15 PM***

***Prayer Meeting***
***Every Saturday, 2:00 PM***

***Bible Study***
***Sunday 1:00-2:00 PM***

***B.C.F Worship Place***
***1337 Farmstead Ave. La Puente, CA 91745***

# ‘နှစ်သစ်မင်္ဂလာ’

နှစ်ဟောင်းကုန်ဆုံး၍၊နှစ်သစ်သို့ကူးပြောင်းလာခဲ့ပြီ။ထို့ကြောင့်‘နှစ်သစ်ကူး’ဟုခေါ်ကြသည်။နှစ်စဉ်နှစ်တိုင်း၊ဇန်နဝါရီလ၊တစ်ရက်နေ့ကို‘နှစ်သစ်ကူးနေ့’ဟုခေါ်ဆိုကြပါသည်။

၂၀၁၈ခုနှစ်မှသည်၂၀၁၉ခုနှစ်သို့ကူးပြောင်းခဲ့ပါပြီ။နှစ်သစ်သို့ရောက်ရှိလာတိုင်း၊ဘုရားသခင်၏ဘုန်းတော်ကိုပိုမိုတွေ့မြင်လာသည်။သို့ဖြစ်၍ရှေးဦးစွာ၊ဘုရားသခင်၏မေတ္တာတော်နှင့်ဂရုဏာတော်သည်ကြီးမြတ်လှပါသည်ဟုဝန်ခံလျက်၊ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းယင်း၊နှစ်သစ်တစ်နှစ်လုံးတွင်လျှောက်လှမ်းရမည့်၊ဘဝအသက်တာခရီးလှမ်းကိုအသစ်ပြင်ဆင်နေကြပြီဆိုလျှင်လည်းမမှားနိုင်ပေ။

အချို့သောချမ်းသာသူများမှာ၂၀၁၈–ခုနှစ်တစ်နှစ်တာကာလပတ်လုံး၊အပျော်အပါးနှင့်မကင်း၊သောက်ကြစားကြကာပျော်မွေ့နေကြသည်။နွမ်းပါးသူများမှာပြေးလွှားရှာဖွေကာရုန်းကန်နေကြသည်။အချို့မှာလောဘဇောဖြင့်စီးပွားရေးနယ်တွင်းနစ်ကာမြုပ်နေကြသည်။အချို့မှာမုန်းမာန်ဖွဲ့၍၊ရန်မီးတောက်ကာစစ်ဖြစ်နေကြသည်။အချို့သောလူနည်းစုမှာဘုရားဝတ်၌မွေ့လျော်ကာ၊စိတ်၏ငြိမ်သက်ခြင်းနှင့်ရှိနေကြသည်။

မည်သို့ပင်ဖြစ်ပါလေစေ၊လူအမျိုးမျိုး၊စိတ်အထွေထွေရှိငြားသော်လည်း၊နှစ်ဟောင်းကုန်၍‘နှစ်သစ်’ဟူသောဝေါဟာရစကားသည်မိမိတို့၏နှလုံးသားထဲတိုးဝင်လာသည်နှင့်အုန်းအုန်းထနေသောလောကသားများသည်နှစ်သစ်သို့လူသစ်၊စိတ်သစ်ဖြင့်ဝင်ရောက်ရန်စိတ်နှလုံးကိုပြင်ဆင်ကြသည်။

လူအများစုသည်နှစ်ဟောင်းမကုန်မီကတည်းက၊နှစ်သစ်သို့ရောက်လျှင်သို့တည်းမဟုတ်နှစ်သစ်သို့ရောက်ရှိလာတိုင်း၊နှစ်သစ်အတွက်ပြင်ဆင်မွမ်းမံမှုပြဋ္ဌာန်းချက်များ (Resolutions) ကိုပြုလုပ်ကြသည်။မိမိတို့၏လုပ်ဆောင်ချက်အတိုင်းပြီးမြောက်အောင်မြင်သူများရှိသလို၊လမ်းတစ်ဝက်နှင့်ဘေးချော်သွားသူများလည်းရှိသည်။အချို့မှာစာအုပ်ထဲတွင်သာရေးမှတ်ထားပြီး၊နှစ်ဟောင်းမှအကျင့်ကိုမစွန့်လွှတ်နိုင်သဖြင့်၊လမ်းဟောင်းကိုသာဆက်လက်လျှောက်နေကြပါသည်။

ကျွန်တော်/ ကျွန်မအယောက်စီတိုင်းတို့သည်နှစ်သစ်တွင်ဘုရားရှင်မပါဘဲ၊ မိမိတို့၏အလိုအတိုင်းမလျှောက်လှမ်းနိုင်ပါ။လျှောက်ခဲ့လျှင်လည်းခရီးမတွင်နိုင်ပါ။လိုရာပန်းတုံးတိုင်သို့မရောက်မီအားကုန်ကြမှာမြေကြီးလက်ခတ်မလွဲနိုင်ပါ။ ဘုရားရှင်ကိုဦးထိပ်ထားမှသာလျှင်အောင်မြင်လိမ့်မည်။တမန်တော်ကြီးရှင်ပေါလုကဲ့သို့‘နောက်ကျသောအရာကိုမမှတ်ဘဲ၊ရှေ့၌ရှိသောအရာကိုကမ်း၍၊ယေရှုခရစ်အားဖြင့်ဘုရားသခင်သည်အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှါ၊ပန်းတုံးတိုင်သို့အရောက်ငါပြေး၏။’ဆိုသည့်အတိုင်းအရောက်သွားရပါမည်။

လောကသားအပေါင်းတို့သည်နှစ်သစ်သို့ရောက်ရှိလာတိုင်း၊ဘုရားသခင်ထံတော်ပါးမှကောင်းကြီးတောင်းခံ၍၊မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအသက်တာကိုရယူလိုကြ၏။ထာဝရဘုရားသခင်သည်နှုတ်ကပါတ်တော်အားဖြင့်မင်္ဂလာရှိမည့်အကြောင်းအရာများကိုသမ္မာကျမ်းစာတော်မြတ်ထဲတွင်အတိအလင်းဖော်ပြထားသည်။အသင်တစ်ဦးတည်းသာမဟုတ်၊သင်၏သားစဉ်မြေးဆက်အထောင်၊အသောင်းတိုင်အောင်ပြည့်စုံစေမည်ဟုဂတိတော်ထားခဲ့သည်။ထာဝရဘုရားကလည်း‘ငါသည်ဂတိတည်သောဘုရား၊ငါထာဝရဘုရားပြောသည်အတိုင်းပြည့်စုံကြောင်းကိုသင်တို့သိရလိမ့်မည်’ဟုမိန့်တော်မူ၏။

ဒါဝိတ်မင်းကြီး၏အတွေ့အကြုံအရထာဝရဘုရားထံတော်ပါးတွင်ခိုလှုံလျက်၊ဘုရားရှင်၏ပညတ်တော်များကိုလိုက်လျှောက်ရမည်။ဆာလံဆရာ၏သွန်သင်ချက်မှာထာဝရဘုရားကိုကြောက်ရွံ့၍၊ပညတ်တော်တို့၌အလွန်ပျော်မွေ့သောသူသည်မင်္ဂလာရှိ၏။ထိုသူ၏သားမြေးတို့သည်မြေပေါ်မှာအားကြီးကြလိမ့်မည်။ဖြောင့်မတ်သောသူတို့၏အမျိုးအနွယ်သည်မင်္ဂလာရှိတတ်၏။ထိုသူ၏အိမ်၌စည်းစိမ်ဥစ္စာကြွယ်ဝ၍၊သူ၏ကောင်းကျိုးသည်အစဉ်အမြဲတည်တတ်၏။(ဆာ၊၁၁၂း၁–၃)

ထာဝရဘုရားကိုကြောက်ရွံ့၍၊လမ်းခရီးတော်သို့လိုက်သွားသမျှသောသူတို့သည်မင်္ဂလာရှိကြ၏။ထိုသို့ပြုလျှင်သင်သည်မိမိလက်နှင့်လုပ်ဆောင်၍ရသောအစာကိုစားရလိမ့်မည်။မင်္ဂလာရှိ၍ကောင်းစားရလိမ့်မည်။(ဆာ၊၁၂၈း၁–၂)

ထာဝရဘုရားသည်ဒါဝိဒ်မင်းကြီးကိုပြောထားသည့်အတိုင်း၊သင်နှင့်ကျွန်ုပ်တို့အားလည်းယနေ့ပင်ပြောနေပါသည်။ထာဝရဘုရားက‘ငါသည်နှစ်ဆသောကောင်းကြီးကိုပြုမည်’ဟုပြောထား၏။ကျွန်ုပ်တို့၏ညည်းတွားမြည်တမ်းခြင်းကိုလည်းကခုန်ခြင်းဖြစ်စေတော်မူ၏။သင်သည်ညဉ်းယံ၌ငိုကြွေးခြင်းရှိသော်လည်း၊နံနက်မိုးလင်းသော်သီချင်းဆိုရသောအခွင့်ကိုပေးတော်မူ၏။လွင်ပြင်၌လျှောက်သွားစဉ်ပင်၊ထိုလွင်ပြင်ကိုစမ်းရေထွက်ရာအရပ်ဖြစ်စေတော်မူ၏။

အချို့သောသူများသည်မျက်မြင်မရသောအနာဂါတ်အတွက်ကြိုတင်၍၊စိုးရိမ်ပူပန်တတ်ကြသည်။သခင်ခရစ်တော်ကိုယ်တော်တိုင်–‘နက်ဖြန်အဘို့မစိုးရိမ်ကြနှင့်၊နက်ဖြန်နေ့သည်မိမိအဘို့စိုးရိမ်လိမ့်မည်’ဟုမိန့်မှာတော်မူခဲ့သည်။

၂၀၁၉–နှစ်သစ်တွင်ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုရှေးဦးစွာရှာ၍၊နောက်ထပ်ပေးဦးမည့်ကောင်းကြီးများကိုရယူခံစားလျက်၊မင်္ဂလာအပေါင်းနှင့်ပြည်စုံပြီး၊ဆာလံဆရာကဲ့သို့အသစ်သောချီးမွမ်းသီချင်းကိုကျူးဧခြင်းဖြင့်ဘုရားသခင်၏မျက်မှောက်တော်သို့ဝင်၍၊ဂုဏ်ကျေးဇူးတော်ကိုစဉ်ဆက်မပြတ်ချီးမွမ်းကြကုန်အံ့။ ဟာလေလုယ!

၂၀၁၉–နှစ်သစ်တွင်၊ဘုရားသခင်သည်ကျွန်တော်/ ကျွန်မအယောက်စီတိုင်းတို့အားစောင့်မ၍၊ မြေကြီးပေါ်၌လည်းငြိမ်သက်ခြင်းရှိပါစေသောဝ်။ အာမင်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# A New Year without Fear

You and I can live this coming year without fear if we apply these four incredibly wonderful truths to our lives and root them deep into our hearts.

**1. The Contentment of His Provision**

Contentment is not getting what you want, but it wants what you already have.

Do you know why we have fear? Because we think our needs or the needs of someone we love are not going to be met. Or we fear that the things we think are meeting our needs are going to be taken away from us. The deepest need of your heart can only be met in the Lord Jesus Christ.

***1Timothy 6:6-8 says, "But godliness with contentment is great gain. For we brought nothing into the world, and we can take nothing out of it. But if we have food and clothing, we will be content with that."***

If you know Jesus Christ, you have contentment. If you've got clothes on your back, something to eat, and Jesus Christ in your heart, you're rich!

**2. The Companionship of His Presence**

I don't know what I'm going to face next year. But there's one thing I know, He will never leave me. Are you a child of God? He will never leave you either. Isn't that wonderful! What's another reason we may fear in the coming year? Because we're afraid we're going to have to face something we don't understand, and we're going to have to face it alone. When God's Word promises that ***God will never forsake you***, it literally means that He will never abandon you. He will not give up on you. We need to practice the presence of the Lord this coming year.

**3. The Confidence of His Promise**

We're going to zero in on a little phrase in our verses in Hebrews, He hath said, ***"I will never leave thee nor forsake thee."*** The promise is no better than the one who makes it. Who says, "I will never leave thee nor forsake thee"? It is the omnipotent, omniscient, omnipresent God. This is the confidence of His promise.

In the coming year, when you say, "God, I just don't have the strength." The omnipotent God will answer, ***"I will never leave thee nor forsake thee."*** When you say, "God, I'm afraid of what is going to happen." The omnipresent God says, "***I will never leave thee nor forsake thee."*** And when you say, "God, I don't know what to do." The omniscient God will respond, ***"I will never leave thee nor forsake thee."*** He himself hath said it.

**4. The Comfort of His Protection**

God's Word brings us a comforting promise, ***Hebrews 13:5-6 "He hath said, So that we may boldly say, the Lord is my helper, and I will not fear what man shall do unto me."***

Like I said earlier, I don't know what you're going to go through this coming year. But I know you can boldly say, "The Lord is my helper, so I will not fear what man shall do to me."

When you find your contentment, companionship and confidence in Jesus. Then, you'll find your comfort in Jesus Christ, our Lord and Savior.

## New Year Blessing and Prayer

*May your joys be*
*as deep as ocean*

*Your troubles*
*as light as its foam*

*And you may find*
*sweet peace of mind*

*Wherever you may roam.*

~ Irish Blessing ~